

စမ်းစမ်းနွဲ့ (သာယာဝတီ)

# သတ္တိရှိရင်
# မြေကြီးနင်းကြည့်ပါလား

တတိယအကြိမ်

(၁)

ရှားပါ ကိုကို။

ဟုတ်ပါတယ်" ခိုင်ဇင်ရှား"ပါ။

ရေခြားမြေခြား တစ်ပြည်သားကြီး လုပ်နေတဲ့ ကိုကို့ထံက "ပြန်လာတော့မယ်" ဆိုတဲ့ သတင်းစကားကြောင့် စဉ်းစားစရာကလေးတွေ ဖြစ်လာလို့ ပါ။

တကယ်တော့ ကိုကို့ကို ကျွန်မ တစ်သက်လုံးအတွက် အပြီးအပိုင် နှုတ်ဆက်ခဲ့ပြီပဲလေ။

ကိုကို မှတ်မိလား။

"မိုးမြင့်တိမ်ယံ ပျံသာပျံ" ဆိုတဲ့ ရုပ်ရှင်ကား စတင်ရိုက်ကူးခြင်း အခမ်းအနား ကျင်းပတဲ့ နေ့လေ။ ရုပ်ရှင်ကား ထုတ်လုပ်သူ ဒေါ်ခိုင်ဇင်ရှားရဲ့ အထူးဧည့်သည် အနေနဲ့ ကိုကိုလာခဲ့တာကို ကနေ့ထိ ကျေးဇူးတင်နေဆဲပါ။

ကရဝိတ်ဟိုတယ် လောကနတ်ခန်းမဆောင်ထဲက လောကနတ်ရုပ်ရှေ့မှာ ကိုကိုနဲ့ ရှား ညာလက်ဖဝါးချင်း ကိုင်ဆုပ်မိကြတော့ လှပတဲ့ မင်္ဂလာနိမိတ်ပေပဲလားလို့ ကြက်သီးချမ်းမြ ထမိပါရဲ့ ။

လက်ချင်းဆုပ်တဲ့ သဘောဟာ ထာဝရ ပေါင်းစည်းဖို့ လား၊ ခွဲခွာနှု

တ်ဆက်တဲ့ သဘောလား မစဉ်းစားနိုင်ခဲ့ပါဘူး ကိုကို။

သည် တစ်ခဏမှာ ခွန်အားသစ်တွေ ပြည့်လာသလို ခံစားရပြီး လောကနတ်ရုပ်ရဲ့ လက်ယာဘက်မှာ ကိုကို့ကို သီးခြားနေရာ ချပေးလိုက်မိတယ်။ ရုပ်ထုရဲ့ လက်ဝဲဘက်မှာ တော့ ရှားက နေရာယူလို့ ပေါ့။

"လောကနတ်လေ ကိုကို၊ အနုပညာနတ်၊ ငြိမ်းချမ်းရေးနတ်"

"ဟုတ်လား။ ခြေဖဝါးနှစ်ခုကြားက ဘာလဲ ရှားရဲ့ "

"စည်းလေ ကိုကိုရဲ့ စည်း၊ ဖဝါးနှစ်ဖက်က စည်းဆုပ်ကို လောကနတ်မင်းက ခြေဖဝါးနဲ့ စည်းဆုပ်တီးပြီး ကပြသတဲ့ ။ တစ်ခဏမှာ ဆင်ပျံနဲ့ ခြင်္သေ့မင်း ရန်ပွဲပြေငြိမ်းသွားကြတယ်လို့ ဆိုတယ်"

"ဟုတ်လား စိတ်ဝင်စားစရာပဲ"

လို့ ကိုကိုက မှတ်ချက်ပေးတော့မှ ကိုကို့ကို ရှားအားနာလိုက်တာ။

ရင်ထဲမှာ အမှန်ဖြစ်တာနဲ့ ဆန့်ကျင်တဲ့ စကားကို ကိုယ်အမူအရာမပျက် လက်ခံပြောဆိုနေတာပါကလားလို့ နောက်မှ သတိရမိတယ်။ လူကြီးလူကောင်း ဘာသာစကားကို ရှားကိုယ်တိုင် မတတ်မကျွမ်းပေမယ့် နားလည်ရုံလောက်တော့ နားလည်ပါတယ် ကိုကို။

သိပ်အရေးမကြီးဘူးလို့ ထင်တဲ့ ကိစ္စရပ်မှန်ရင် စိတ်ဝင်စားပါတယ်လို့ ဝတ်ကျေတမ်းကျေ လောကဝတ်စကား ဆိုတတ်ကြတဲ့ ကိုကိုတို့ အဲရှားလည်း ပါပါတယ်လေ။ ရှားတို့ ဆွေကြီး မျိုးကြီး အသိုင်းအဝိုင်းတစ်ခုလုံးရဲ့ ဓလေ့စရိုက်ကို ရှားမယဉ်ပါးတာမှ မဟုတ်ဘဲ။ ဒါပေမဲ့ တစ်ခါတစ်ခါ မေ့တတ်ပါတယ်။ မကြာမကြာ မေ့တတ်ပါတယ်။

ရုတ်ခြည်း စကားလမ်းကြောင်းပြောင်းပြီး ကိုကို့လက်ထဲကို ယမကာဖန်ခွက် ထည့်ပေးလိုက်ရတယ်။ ရှားကိုယ်တိုင်ကလည်း ဖျော်ရည်

တစ်ဖန်ခွက်ကို ကိုင်လို့။

"ချီးယား (စ်) ဒါလင်"

"ချီးယား(စ်)"

ညှော်ခံပွဲရဲ့ ပထမဆုံး အစီအစဉ်အဖြစ် ဖျော်ရည်ကို တစ်စက်တစ်ပေါက် မြို့သောက်လိုက်ပါတယ်။

အလှူရှင်ကို လက်ရိပ်ခြေရိပ် စောင့်ကြည့်နေကြတဲ့ ဧည့်သည် တွေလည်း သောက်စပြုကြပြီ။ ကင်မရာအဖွဲ့ကလည်း မှတ်တမ်းတင်ဓာတ်ပုံတွေ တဖျပ်ဖျပ် ရိုက်စပြုပြီ။ ခန်းမဆောင်ရဲ့ ဦးပိုင်းနံရံက မှန်သားပြင်ရှေ့မှာ အနေအထား အမျိုးမျိုးနဲ့ ဓာတ်ပုံအရိုက်ခံနေတဲ့ မင်းသမီးဆီကို ကိုကို့မျက်လုံးတွေ အမှတ်မထင် ရောက်သွားတော့. -

"အဲဒါ ရှားရဲ့ မင်းသမီးလား၊ လှသားပဲ"

ကျွန်မ နားလည်ပါတယ် ကိုကို။

အရိုးပေါ် အရေကပ် ချပ်ချပ်ရပ်ရပ် သွယ်သွယ်လျလျကိုမှ မိန်းမလှထင်တတ်တဲ့ ကိုကို့ရဲ့ ဥရောပအမြင်မှာ ရှားရဲ့ မင်းသမီးကို အဆီတုံးကြီးပါလားလို့ ရယ်သွမ်းသွေးချင်နေမှာ ပါ။

ဒါပေမဲ့ မြန်မာကြည့် ကြည့်မယ် ဆိုရင်တော့ အသားညိုညို၊ မို့မို့အိအိ ပြည့်ပြည့်ဖြိုးဖြိုး လန်းလန်းဆတ်ဆတ် လှနေတဲ့ "ကစ်တီ"ဟာ မိန်းမချောစာရင်းဝင်တစ်ယောက်ပါပဲ။ ကစ်တီဆိုတာ ရုပ်ရှင်လောက အသိုင်းအဝန်းမှာ ချစ်စနိုးခေါ်ကြတဲ့ မင်းသမီးစက်စက်မော်ရဲ့ အိမ်နာမည်လေ။

ကစ်တီဟာ ရုပ်ရည်လှသလို ပညာရည်လည်း လှတဲ့ သူပါ။ ကိုကိုကတော့ မြန်မာရုပ်ရှင်ဆိုရင် တီဗွီပေါ်မှာ တောင် ကြည့်လေ့ကြည့်ထမှ မရှိ

ဘဲကိုး။ မြန်မာရုပ်ရှင် မင်းသမီး၊ မင်းသားဆိုရင် ကျော်ဟိန်းတို့ ဆွေဇင်ထိုက်တို့ ၊ ချိုပြုံးတို့ လောက်ပဲ စတော့(ချ်) ရှိုးတွေမှာ တွေ့နေဆုံနေကျမို့ သိဖူးမြင်ဖူးတာ မဟုတ်လား။

သည် တော့ ကစ်တီရဲ့ မင်းသမီးနာမည် စက်စက်မော်ဆိုတာကို ပြောပြလည်း ကိုကို နားဝေတိမ်တောင်နဲ့ "သြော်...ကြားဖူးပါတယ်" လို့ပဲ သံတမန်စကားဆိုဦးမှာ ။ ကစ်တီ အကယ်ဒမီ ရဖူးတဲ့ အကြောင်း ကြွားပြရင်လည်း " သတိထားလိုက်မိပါတယ်" ဆိုတဲ့ လောကဝတ်စကားထက် ကိုကို တုံ့ပြန်စရာ မရှိလှဘူးဆိုတာ ရှားသိပါတယ်။

မပြောတော့ပါဘူး ကိုကို။ ရှင်းပြမနေတော့ပါဘူး။

ပန်းနုရောင် ကြိုးကြီးချိတ်ထဘီ၊ ဂျပန် ပုဂံဖက်စပ်ထုံးပုံစံနဲ့ ကစ်တီရဲ့ ခေတ်ဆန်ဆန် မြန်မာအလှကို ကိုယ့်ဘာသာကိုယ်ပဲ တဝကြီးငေးကြည့်နေလိုက်တော့တယ်။

မင်းသမီးနဲ့ ကင်မရာဆရာတွေ နေရာရွှေ့သွားကြတော့ မြင်ကွင်းတည့်တည့်မှာ ရွှေရည်ဝင်းနေတဲ့ ဒဂုံဆံတော်ရှင်ကို ကြည်ညိုဖွယ် ဖူးမြင်နေရပြီလေ။ ဘယ်လောက် ကျက်သရေမင်္ဂလာ ပြည့်စုံလိုက်ပါသလဲ။ ဘယ်လောက် အတိတ်နိမိတ် ကောင်းမွန်လိုက်ပါသလဲ ကိုကိုရယ်။

ကြည့်ပါဦး။

နီလာကောင်းကင်မှာ ဗုဒ္ဓဆံတော်ရှင်ရဲ့ ပုံရိပ်ဟာ အရောင်အလျှံ တဝင်းဝင်းနဲ့ ထွန်းလင်းလို့ ။ သည် လောကနတ်မင်းရဲ့ ရုပ်တုဝဲယာမှာတော့ ကိုကိုနဲ့ ရှား၊ ကျွန်းသားပေါင်ကွပ်ထားတဲ့ အပြာနုရောင် ဆိုဖာကုလားထိုင်ဆင်တူပေါ်မှာ ချမ်းငြိမ်းစွာ ထိုင်နေကြလို့ ။

ရှားဘဝမှာ ရှိရှိသမျှ ငွေကြေးအရင်းအနှီးကို စုစည်းပြီး စွန့်စားထု

တ်လုပ်မယ့် ကျက်သရေမင်္ဂလာ ပြည့်စုံစွာ ဖွင့်လှစ်နိုင်ခဲ့ပြီလို့ ရှား မှတ်ယူနိုင်ခဲ့ပါတယ်။ နှစ်သိမ့်ကြည်နူးနိုင်ခဲ့ပါတယ်

ဒါကြောင့် ကနေ့အထိ ကိုကို့ကို ကျေးဇူးတင်ဆဲပါလို့ တခုတ်တရ ပြောနေမိတာပါပဲ။

သည် ရုပ်ရှင်ထုတ်လုပ်ရေးဆိုတာက တစ်ဆွေလုံးတစ်မျိုးလုံး သဘောမတူနိုင်တဲ့ လုပ်ငန်း။ အမျိုးမျိုး အဖုံဖုံ ဝိုင်းဝန်းကန့်ကွက်ကြတဲ့ကြားက ရှားရဲ့ တစ်ကိုယ်တော် စွန့်စားခန်း။

မေမေကလွဲရင် ဆွေတော်ရှစ်သောင်း မျိုးတော်အပေါင်းက "လုပ်ချင်ရာ လုပ်ပေတော့၊ ဖြစ်ချင်ရာဖြစ်ပေတော့" လို့ ပေယျာလကန် ပြုထားခဲ့ကြပြီပဲ ကိုကို၊ သဘောမတူ ငြူစူကြတဲ့ ပုဂ္ဂိုလ်တွေထဲမှာ ကိုကိုဟာ အရေးပါ အရာရောက်ဆုံးပေ့ါ။

ဘာကြောင့်လဲဆိုရင် သိပ်မကြာလှတဲ့ အနာဂတ်မှာ ကိုကိုနဲ့ ရှားဟာ တစ်ခရီးတည်း သွားရတော့မယ့် ခရီးဖော်တွေလေ။ ဒါကိုပဲ အကြောင်းပြုပြီး ကိုကိုဟာ ရှားအတွက် အမြဲတမ်း အရေးပါ အရာရောက်နေပါတယ်။

ယုံပါ ကိုကို။

ကိုကို့ကို ရှား ချစ်တယ်လို့ ထင်ပါတယ်။

လူကြီးမိဘ စေ့စပ်ကြောင်းလမ်းပေးလို့ စုံဖက်ရမယ့် ဘဝဖော်ဖြစ်ပေမယ့် ကိုကိုနဲ့ ရှားဟာ မတ်တတ်ပြေးစ ကလေးဘဝကတည်းက "ဖိုးလမင်းရေ ထမင်းဆီဆမ်း ရွှေလင်ပန်းကြီးနဲ့ ပစ်ချလိုက်စမ်းပါဟေ့" လို့ တစ်ယောက်တစ်ပေါက် တကြော်ကြော် အော်ဟစ်ရင်း လသာညများစွာကို အတူတူ ကျော်ဖြတ်ခဲ့သူတွေပါ။

လောကမှာ ယောကျ်ားတစ်ယောက်ယောက်ကို လက်ထပ်မှာ ဖြစ်မယ် ဆိုရင်တော့ ရှား ကိုကို့ကိုပဲ ရွေးဝံ့ပါတယ်။ စရိုက်သဘာဝ၊ အတွေးအယူအဆတွေ အဖြူနဲ့ အမည်း ၊ ပုလဲနဲ့ မဟူရာလို ခြားနားကြတယ်ဆိုတာ ရှား အသိသားပေါ့။

ဒါပေမဲ့ ရှားရဲ့ အတ္တအချို့တစ်ဝက်ကို ကိုကို့ထံမှာ အကျအဆုံးခံနိုင်လိမ့်မယ် ထင်ပါတယ်။ ကိုကို့ရဲ့ မာနအချို့အဝက်ကိုလည်း ရှားအတွက် အလျော့ပါး ခံနိုင်လိမ့်မလားလို့ ။

ပြီးတော့ စိတ်ကူးယဉ်လေ့ မရှိတတ်တဲ့ ရှားကလေ အချစ်ဆိုတာ ဘယ်ရွေ့ဘယ်မျှ အတိုင်းအတာအထိ နက်ရှိုင်းလိမ့်မယ်ဆိုတာ မခန့်မှန်းတတ်ဘူး ကိုကိုရဲ့ ၊ ဒါကြောင့် ကိုကို့ကို ရှားချစ်တယ် ထင်ပါတယ် ဆိုတာလောက်ပဲ ရှားပြောတတ်တာပါ။ အတိုင်းအတာတစ်ခုအထိ ယုံကြည်တယ်ဆိုတာတော့ ထုတ်ပြောဖို့ လိုမယ်မထင်ဘူး ကိုကို။

လူ့ဘ ဝ မှ ာ အလျော်နဲ့ အစား နှစ်ခုပဲ ရှိတာမဟုတ်လား။ လက်ဖွဲ့ကြိုးဝိုင်းပေါ်က စကားနဲ့ ပြောရရင် အရှုံးနဲ့ အနိုင် တစ်ခုခုအတွက် သူပြိုင်ကိုယ်ပြိုင် အပိုင်လုပ်ဖို့ ကြိုးစားနေတာ မဟုတ်လား။

ပြောရရင် ရှားအိမ်ထောင်ပြုချင်စိတ် မရှိသေးတာ အမှန်ပါ။ ဒါပေမဲ့ အိမ်ထောင်ရေး ကိစ္စကို ရှားမကြောက်ပါဘူး။

အိမ်ထောင်ရေးကို မလွှဲမသွေ ရင်ဆိုင်ရတော့မယ်ဆိုရင် လက်ဖွဲ့ပွဲ တစ်ခုလိုပဲဖြစ်ဖြစ်၊ လောင်းကစားပွဲ တစ်ခုလိုပဲဖြစ်ဖြစ် အလျဉ်းသင့်သလို ရင်ဆိုင်ရတော့မယ်ဆိုတာ ရှားသဘောပေါက်ပါတယ် ကိုကို။

သိတယ်မဟုတ်လား၊ ကိုကို့ထံမှာ ရှားရဲ့ အတ္တအချို့တစ်ဝက်ကို အကျဆုံးခံနိုင်ပါတယ်လို့ ။ အဲဒါဟာ ချစ်တယ်ဆိုတာနဲ့ လုံးဝမဟုတ်တာတောင် တစ်စိတ်တစ်ဒေသတော့ သက်ဆိုင်လိမ့်မယ် ထင်ပါတယ် ကိုကို

ရယ်။ ဒါပေမဲ့ အဆုံးရှုံးမခံနိုင်တဲ့ ကျန်အတ္တ အချို့အဝက်အတွက် ကိုကို နဲ့ ရှား၊ ဆွေမျိုးတွေနဲ့ ရှား၊ နားလည်မှုတွေ တစစ လွဲခဲ့ရတယ်။

ဟောဒီ ရုပ်ရှင်ထုတ်လုပ်ရေး လုပ်ငန်းကို ရှားကိုင်တွယ်လိုက်တဲ့ ကိစ္စဟာ အပါအဝင်ပေ့ါ။

"လူမျိုးတစ်ရာ့တစ်ပါးနဲ့ ဆက်သွယ်ပြီး ဈေးတလုံးလုံး ပြေးလွှားနေရတဲ့ ကုန်သည် ပွဲစားအလုပ်ကို အားမပေးပါရစေနဲ့ ရှား"

ကိုကို့ သဘောထားက ပြတ်သားပါတယ်။ ရွှေလင်ပန်းနဲ့ အချင်းဆေးတဲ့ မင်းသွေးပီသပါပေတယ်။

ဘာပဲဖြစ်ဖြစ်လေ။

ရှားရဲ့ "မိုးမြင့်တိမ်ယံ ပျံ့သာပျံ့" ရုပ်ရှင်ကား စတင်ရိုက်ကူးခြင်း အခမ်းအနားကို ကိုကိုလာ ခဲ့ပါတယ်။ မေမေ့ တစ်မျက်နှာကလွဲပြီး ဘယ်အဆွေအမျိုးရဲ့ အရိပ်စနမှ မမြင်ရတဲ့ ရှားရဲ့ ညှော့ခံပွဲမှာ ပကတိချမ်းငြိမ်းတဲ့ မျက်နှာနေ မျက်နှာထားနဲ့ ပြီးဆုံးသည် ထိ ကိုကို တက်ရောက်ခဲ့ပါတယ်။ တကယ် ကျေးဇူးတင်စရာတွေပါပဲ။

ညှော့ခံပွဲနဲ့ အကျုံးဝင်တဲ့ ဓာတ်ဝင်ခန်း တစ်ကတ်၊ နှစ်ကတ် ရိုက်ပြီး ဝဝလင်လင် တင်းတိမ်မြိန်ရှက်စွာ စားသောက်ကြပြီး ရယ်မောရွှင်ပျ နှုတ်ဆက်ကြပြီးတော့ ညှော့ခံပွဲ စခန်းသိမ်းအံ့ဆဲဆဲမှာ ကိုကို စကားတစ်ခွန်း ပြောလိုက်တယ်။

"ကိုကိုလည်း ဆစ်ဒနီသွားဖို့ စီစဉ်တော့မယ် ဒါလင်"

ရင်ထဲမှာ လှပ်ခနဲ ခါသွားတယ် ကိုကို တကယ်ပါ။

မပြောချောနိုင်တဲ့ အကြောင်းအရာ တစ်ခုခုကို ပြောတော့မယ်ကြံရင် ကိုကို့အသံတွေက အထူးတလည် ချိုမြိန်နေတတ်ပါတယ် ။ ယဉ်ကျေး

မှု ဦးစားပေး ထုံးတမ်းအရ မျက်နှာထားကိုလည်း အတတ်နိုင်ဆုံး ဖြေလျော့ထားတာမို့ ပဋိပက္ခကိစ္စဆိုတာကို ဘယ်သူမှ မရိပ်မိနိုင်ခဲ့ပါဘူး။ ပြီးတော့ ဒါလင်လို့ ကိုကို သုံးနှုန်းလိုက်တယ်။

ကိုကိုသုံးနှုန်းလေ့ရှိတဲ့ "ဒါလင်"တွေဟာ အဓိပ္ပာယ်အမျိုးမျိုးနဲ့ ကြွယ်ဝနေတယ်ဆိုတာ ရှား အသိသားပေါ့။ များ သောအားဖြင့် ပုံမှန်မဟုတ်တဲ့ အနေအထားတွေမှာ ရှားကို" ဒါလင်" လို့ ကိုကို ခေါ်လေ့ရှိပါတယ်။

"ဖော်ဂျော့ (ဘ်) သွားဖို့ စီစဉ်ထားတာ ကြာပြီ။ ရှားနဲ့ အတူတူသွားရမလားလို့ စောင့်ကြည့်နေတာ၊ ခုတော့ ရှားက အလုပ်ကြီး အကိုင်ကြီးတွေ ပြန်စနေပြီပဲ။ အင်းလေ....ကိုကိုတစ်ယောက်တည်း သွားရတော့မှာ ပေါ့"

"ရှားက ဟိုကို လိုက်ပြီး ဘာမှ လုပ်နိုင်မှာ မှ မဟုတ်ဘဲ ကိုကို"

"မိန်းမကို ဝအောင် မကျွေးနိုင်တဲ့ ၊ လှအောင် မဆင်နိုင်တဲ့ ယောကျာ်းတွေအဖို့ ကတော့ မိန်းမအလုပ်တစ်ခုခု လုပ်တာကို သဘောကျမှာ ပေါ့ ဒါလင်"

မျက်နှာကို ဖြန်းခနဲ အရိုက်ခံလိုက်ရသလို မျက်စိထဲ မီးဝင်းဝင်း တောက်သွားတယ်။ နာကျင်လိုက်တာ။

သစ်သားမီးတိုင်နားမှာ ရပ်နေတဲ့ ကိုကို့ကို ဖျတ်ခနဲ မော့ကြည့်လိုက်မိတယ်။ စိမ်းဝါးနု ပိုးသားမီးအုပ်ဆောင်းက ဖြာထွက်နေတဲ့ အလင်းတန်းဟာ ကိုကို့မျက်နှာကို အနီးကပ် ပင့်ထိုးနေသလိုရှိပြီး ကိုကို့မျက်ခွံရိပ်တွေ ကျနေပုံ မြင်ရတာ ထိတ်လန့်စရာကြီးရယ်။

ရပ်ရှင်ပညာမှာ ထိတ်လန့်ချောက်ချားဖွယ် အသွင်ကို ဖန်တီးလိုရင်

လူ့မျက်နှာ အပေါ်တည့်တည့်၊ သို့မဟုတ် အောက်တည့်တည့်ကမီးကို ချိန်လေ့ရှိတာ ရှား လေ့လာကြားသိခဲ့ပါရဲ့ ။ ခုတော့ လက်တွေ့မြင်ရပြီပေါ့လေ။

ရုတ်ခြည်းဆိုသလို မျက်နှာကို အောက်ဘက် ငုံ့စိုက်ချလိုက်ရတယ်။ မီးတိုင်ရဲ့ အောက်ခြေဆင်တွေကို အအုပ်လိုက် အသင်းလိုက် ပတ်ပတ်လည် ထွင်းထုထားတဲ့ ရုပ်ကြွပန်းပုကို လက်ဖျားနဲ့ မထိတထိတို့ ကစားရင်း ကိုကို့ကို ရန်မတွေ့မိအောင် ကြိုးစားနေရတာလေ။

ညင်ညင်သာသာ ရယ်လိုက်တဲ့ ကိုကို့အသံကို သဲ့သဲ့ကြားရတယ်။ သြော်...အပြုံးအရယ် အရွှင်အပျတွေနဲ့ လှလှပပ ရန်ဖြစ်တတ်တဲ့ ကိုကို။

"ရှား အလုပ်လုပ်ဖို့ မလိုပါဘူး၊ ကိုကိုနဲ့ လက်ထပ်ရင်..."

"ရှား သိပါတယ်။ ဆင်စွယ်ရဲတိုက်နဲ့ တောင် ထားနိုင်တယ်ဆိုတာ၊ ဒါပေမဲ့ ရှားမှ မပျော်နိုင်ဘဲကိုကို"

ကိုကို့စကား တစ်ဝက်မှာ အတင်းဖြတ်ဝင်ပြီး ပြောလိုက်တဲ့ ရှားလေသံက ထန်ကောင်း ထန်နေမယ် ထင်ရဲ့ ၊ ကိုကို့မျက်လုံးတွေ စူးစူးလက်လာတယ်။ ပြုံးယောင်ယောင် ဖြေလျော့ထားတဲ့ မျက်နှာထားတင်းခနဲမာသွားတယ်။ ဒါပေမဲ့ ကိုကို ချက်ချင်းပြုံးနိုင်ခဲ့ပါတယ်။

"ဒါဖြင့် ကိုကို နှုတ်ဆက်တယ် ဒါလင် ၊ ဂွတ်ဘိုင်"

အပြုံးမပျက် တစ်လှမ်းချင်း ထွက်သွားပြီဖြစ်တဲ့ ကိုကို့ကို ရှားဘယ်လို ယဉ်ယဉ်ကျေးကျေး တုံ့ပြန်လို့ ရနိုင်ရမှာ တဲ့ လဲ၊ တစ်စုံတစ်ရာ မတုံ့ပြန်လို့ ကော ဖြစ်မတဲ့ လား၊ သည် တော့ နောက်ပိုင်းကပဲ ခပ်ရိုင်းရိုင်း လှမ်းပြောလိုက်ရတယ်၊ ကိုကို ကြားမှာ ပေါ့၊

"ရှားကလည်း နှုတ်ဆက်ပါတယ် ကိုကို၊ တစ်သက်စာအတွက် နှုတ်

ဆက်လိုက်ပါတယ်၊ ဂွတ်ဘိုင်"

တစ်သက်စာဆိုတဲ့ စကားတစ်ခွန်းဟာ အစွန်းရောက်ကောင်းရောက်မှာ ပါ၊ ဒါပေမဲ့ ဒီနေ့ထိတော့ တိကျခိုင်မြဲလျက်ပါပဲ။

အနက်ရောင် အနောက်တိုင်းဝတ်စုံပြည့်နဲ့ ကျောခိုင်းလျှောက်သွားတဲ့ ကိုကို့အသွင်သဏ္ဌာန်ဟာ ရှားရဲ့ မျက်စိထဲမှာ ခုထိစွဲထင်နေတဲ့ နောက်ဆုံးပုံရိပ်ပါပဲ။ ကြက်သွေးရောင် ကြမ်းခင်း ကော်ဇောပေါ်မှာ ဖိနင်းဖြတ်လျှောက်သွားတဲ့ ခွာမြင့်ရှူးဖိနပ်အနက်ရဲ့ အရွေ့အလျားကို မြင်ကွင်းတစ်ဆုံး လိုက်ကြည့်မိတယ်။

သိပ်သေချာတာပေါ့ ကိုကို။

ကိုကို့ ခြေလှမ်းတွေဟာ လုံးဝ လေးလံဆိုင်းတွဲ့ခြင်း မရှိခဲ့ပါဘူး။ ငှက်သွင်ပျံကြွမတတ် ဖျတ်လတ်ပေါ့ပါးနေတာ အမြင်ပါ။

အဲသည် နေ့က ကိုကိုနဲ့ ရှားနောက်ဆုံးတွေ့ဆုံခြင်း၊ နောက်ဆုံး နှုတ်ဆက်ခြင်းပါပဲ။

အမှတ်တရ ပြောရရင် ကိုကို ပြည်ပ မထွက်ခွာမီ ကိုးလနဲ့ ဆယ့်တစ်ရက် အလိုမှာ ပေါ့။ ကိုးလနဲ့ ဆယ့်နှစ်ရက် တင်းတင်းပြည့်တဲ့ နေ့မှာတော့ မိတ်ဆွေ လေယာဉ်မယ်တစ်ဦးကနေ ကိုကိုပို့ပေးလိုက်တဲ့ ပို့စ်ကတ်လေးတစ်ခုရခဲ့တယ်။

ယိုးဒယား ကချေသည် မကလေး တစ်ယောက်ပုံနဲ့ ရောင်စုံပို့စ်ကတ်ကလေးဟာ ဆွေမပျက်၊ မျိုးမပျက်၊ မိတ်မပျက်ရုံ သဘောပါပဲလို့ နားလည်ပြီးသားပါ ကိုကို။

"ခေတ္တ ဘန်ကောက်"ဆိုတဲ့ စာတန်းကို မြင်ရတော့မှ ...

"ဩော်...သူ ဘန်ကောက်ကို ရောက်ပြီပေါ့"

လို့ မှန်းဆမိရုံပါ။

ဘဝခရီးရဲ့ အချိုးအကွေ့လေးတွေကို ဒိုင်ယာရီမှာ မဆိုင်းမတွ ရေးချတတ်တဲ့ ရှားရဲ့ အလေ့အထအတိုင်း အတိုကောက် မှတ်တမ်းတင် မိရုံပါပဲ။

ဒိုင်ယာရီကို ပြန်ကြည့်မယ်ဆိုရင် ဒီကနေ့ထိ ကိုကို့ဆီက ခရစ်စမတ် ဆုတောင်းမေတ္တာပို့စ်ကတ်ကလေးတွေ သုံးခုတိတိ ရခဲ့ပါတယ်။ သုံးနှစ် ကျော်ခဲ့ပြီပေါ့ ကိုကို။

ဒီအတွင်းမှာ ခရစ်စမတ်ပို့စ်ကတ် သုံးစောင်သာ ကိုကိုနဲ့ ရှားတို့ နဲ့ ဆက်သွယ်မှု ဆိုပါတော့။ အဆက်မပြတ်ကြပါဘူးလို့ ဘုရားစူး ကျမ်းစူး လွတ်ရုံပြောနိုင်တယ် ဆိုပါတော့။ ဒါ ကိုကို ဂရုတစိုက် လိုက်နာကျင့်သုံး လေ့ရှိတဲ့ လူကုံထံ ယဉ်ကျေးမှုပေါ့လေ၊ ရှားအဖို့ ကတော့ ဒါတွေ မလို အပ်ဘူးဘဲ ထင်ပါတယ်။ လူကြားကောင်းရုံ ၊ လူမြင်တင့်တယ်ရုံတော့ ဘာဆို ဘာတစ်ခုမှ မလုပ်ချင်ဘူး ကိုကိုရယ်...တကယ်။

သည် နှစ်ပိုင်းမှာ တော့ အင်းလျားလမ်းအိမ်ကတစ်ဆင့် ဖုန်းနဲ့ ဆက် သွယ်ဖို့ ကိုကို သုံးလေးကြိမ် ကြိုးစားပုံရတယ်။ ဘာကြောင့် တွေ့ချင်ရ တာလဲ။ ဘာတွေများ ပြောစရာ ဆိုစရာ ရှိဦးမှာ မို့လဲဟင်။

ကိုကို့မာမီကိုယ်တိုင် လာအကြောင်းကြားပြီး တစ်ပါတည်း အိမ်ကို လိုက် ဖုန်းစောင့်ဖို့ ခေါ်တာ နှစ်ကြိမ်ရှိပြီ။ လူကြီးကို အားနာပေမယ့် ဘာ လုပ်တော့မှာ လဲ ကိုကို၊ ရှား မတွေ့ချင်ပါဘူး ။ မကြားချင်တော့ပါဘူး။

ဘန်ကောက်ကနေ ဆက်နေတာတဲ့ ။

ဩော်...ကိုကို ဘန်ကောက်ကို မကြာခဏ ရောက်တတ်လေသလား၊ အလုပ်ကိစ္စနဲ့ တော့ ဟုတ်ပုံမရပါဘူး။ တိုးရစ် ဗီဇာနဲ့ အလည်အပတ်

လာဟန်တူရဲ့ ။ ဒါလောက်အထိတော့ ရှား ကိုကိုနဲ့ ပတ်သက်ပြီး ဖျိုးခန် ဖျတ်ခန် တွေးမိတတ်တာ တကယ်ပါ။

ဒါပေမဲ့ ကိုကို ဘာလုပ်နေသလဲ၊ ဘာကြောင့် ရှားကို ဖုန်းထဲကနေ ခေါ်ခိုင်းနေရတာလဲ ဆိုတာတွေကို မစုံစမ်းပါဘူး။ မမေးဘဲ သိရတဲ့ တစ်ချက်သာ ရှိပါတယ်၊ ကိုကို ပြန်လာချင်ပြီတဲ့ ။ ပြန်လာတော့မယ် ဆိုလား။ ဒီသတင်းစကားဟာ ရှားအဖို့ စဉ်းစားစရာတွေ တစ်ပြုံတစ်မကြီးကို တစ်ပါတည်း သယ်ယူလာခဲ့လေရဲ့ ။

ဟုတ်တယ် ကိုကို။

သာမန် ထက်ပိုပြီး ဘာမှ မပတ်သက် မစပ်ဆိုင်တော့တဲ့ ကျွန်မကို ဘာကြောင့်များ အကြောင်းကြားချင်ရတာပါလိမ့်။

မောင်ပြန်လာမယ့်လမ်းမှာ ပန်းတို့ ဖြင့် မွှေးစေချင်ပြီလား၊ ပန်းတို့ဖြင့် ဖွေးစေချင်ပြီလား။

သပြေတစ်ခက်၊ ရေတစ်ခွက်နဲ့ ပြန်ရက်ကို မျှော်လင့်လို့ ကြိုနှင့် စေချင်သတဲ့ လား ...ဟုတ်စ။

တစ်ယောက်နဲ့ တစ်ယောက် အပြီးအပိုင် နှုတ်ဆက် ခွဲခွာခဲ့တဲ့ နေ့ဟာ မနေ့တစ်နေ့ကလို ပူနွေးဆဲပါ ကိုကိုရယ်။ တကယ်တော့ နှုတ်မဆက်မီကတည်းက ကိုကိုနဲ့ ကျွန်မ အဝေးဆုံး အဝေးဆုံး ဝေးရာတစ်နေရာဆီမှာ ဝေးကွာနေခဲ့ကြပြီဆိုတာ နှစ်ယောက်စလုံး အသိပါ။

ရေမြေ မကွာလှမ်းပါဘဲနဲ့ လက်တစ်ကမ်းအလိုမှာ ဝေးခဲ့ကြခြင်း အကြောင်းရင်းတွေကိုကော ကိုကို မစဉ်းစားဘဲ နေနိုင်ခဲ့သလား။

ရှားကတော့ အတိတ်ဖြစ်စဉ်ကို အကြိမ်ကြိမ် အထပ်ထပ် ပြန်လည်သုံးသပ်ကြည့်ဖူးတယ် ကိုကို။

*****

(၂)

မုန်တိုင်းဟာ ပေါင်းမြက် ပန်းပြားပင်ငယ်တွေကို ရှင်းလင်းလေ့ မရှိဘူးတဲ့ ကိုကိုရဲ့ ။

ဟုတ်တယ်။

အပင်ကြီးများကိုသာ နုတ်လှဲဖို့ မုန်တိုင်းလာခဲ့တာပါ။ "ရှား" ဆိုတဲ့ မိန်းကလေးဟာ အသေးအဖွဲ့တွေကို ဖြေရှင်းလေ့ မရှိပါဘူး။

ရည်းစားပျက်ရခြင်း အကြောင်းရင်း၊ စီးပွားပျက်ရခြင်း အကြောင်းရင်းဆိုတာ တကယ်တော့ လူတကာကို လက်တို့ ပြီး ငိုချင်းချအပ်တဲ့ ကိစ္စမျိုးတွေ မဟုတ်ပါဘူး။

ရည်းစားပျက်ခဲ့ရတဲ့ စီးပွားပျက်ခဲ့ရတဲ့ အကျိုးဆက်အကြောင်းတရားတွေကို ပြန်လည်သုံးသပ်မိတယ်ဆိုတာဟာ အလွမ်းဇာတ်ခင်းပြီး အလွမ်းမင်းသမီးလေးလို ကရုဏာတရားကို လက်ဝါးဖြန့် တောင်းခံဖို့ လည်း မဟုတ်ပါဘူး။

လောကဓံနံရံနဲ့ တဒိုင်းဒိုင်း ဆောင့်ခဲ့ရတဲ့ ရှားရဲ့ ဘဝဟာ သာမန် မဟုတ်ဘူး ဆိုတာတော့ ရှားနားလည်နေလို့ ပါ ကိုကို။

ယေဘုယျက ခွဲထွက်ပြီး အစဉ်အလာကို ထွင်းဖောက်ရင်း လောကဓံကို ရင်ဆိုင်ခဲ့ရတဲ့ ရှားအဖို့ သာမန်မိန်းမငယ်တစ်ယောက်ရဲ့ ဘဝထက်ပိုပြီး ကြမ်းတမ်းတဲ့ အတွေ့အကြုံ၊ ခက်ခဲဝေးလံတဲ့ ခရီးစဉ်၊ နာကျင်ခါး

သီးဖွယ် ဝေဒနာတွေ ပြွမ်းတီးလို့ ပေ့ါ။

ဒါတွေဟာ ဘဝသင်ခန်းစာအတွက် အရင်းအနှီးမို့ ကျေနပ်နိုင်ပါတယ်။ အဖိုးမဖြတ်နိုင်တဲ့ လောကအမြင်တွေကို ရင်းစားမကအောင် ပြန်ရခဲ့ပြီလို့ လည်း ထင်ပါတယ်။ ဘဝင်မြင့်ရန်ကောလို့ ကိုကို ပြောဦးမလား ။

ပြောပါ။

ငြိမ်ငြိမ်ကလေး နားထောင်နေလိုက်ပ့ါမယ်။

ပြီးတော့ ရှားဘက်ကို ကိုကို နည်းနည်းလောက် နားစွင့်လိုက်စမ်းပါ ။

ယဉ်ကျေးမှုအရ အပေါ်ယံ ဟန်ဆောင်ခြင်း မဟုတ်ဘဲ တကယ်စိတ်ဝင်စားတယ်ဆိုရင်ပေ့ါလေ၊ ရှားကို သည့်ထက်ပိုပြီး ကိုကို နားလည်လာမှာ ပါ။

အဲသည် အခါ "ပြန်လာတော့မယ် " လို့ ကိုကို ရှားဆီကို သတင်းပို့ဖြစ်ဦးမှာ လား။

*****

(၃)

ကိုကိုသိပါတယ်။

ကိုကိုနဲ့ ရှားတို့ ဟာ အလွှာချင်း မတူကြတာမှ မဟုတ်ဘဲ။ ပတ်ဝန်း ကျင်ကလည်း တစ်ခုတည်း။ ဗီဇမျိုးစေ့ ကွဲပြားမှုကြောင့်သာ တစ်ယော က်နဲ့ တစ်ယောက် အတွေးအခေါ် မတူ၊ အယူအဆ မညီနိုင်ကြတာ ထင် ပါရဲ့ ။

ဟုတ်တယ်လေ။

လူကုံထံလို့ သမုတ်အပ်တဲ့ အထက်လွှာ ပညာတတ် ဓနရှင် အသိုက် အဝန်းမှာ ကိုကိုတို့ ရှားတို့ အတူတကွ ကြီးပြင်းခဲ့ကြတာပဲ။

ရှား…လား။

ရှားကတော့ "ရွှေလင်ပန်းနဲ့ အချင်းဆေးတဲ့ မင်းသွေးဆိုတာ ငါအစ စ်ပဲဟေ့"လို့ ကြွေးကြော်စတမ်းဆိုရင် ကိုကို့ထက်ပိုပြီး အသံကျယ်နိုင်တဲ့ အမျိုးအနွယ်ကလေးပေါ့လေ။

ရှားရဲ့ မေမေက ရှမ်း - မြန်မာ ကပြား။

မေမေရဲ့ အဘိုး ၊ ရှားရဲ့ အဘေးက စော်ဘွား၊ စော်ဘွားမှာ နှယ်နှယ် ရရ ဟုတ်ရိုးလား ကိုကိုရယ်၊ မြန်မာ့သမိုင်းစဉ်မှာ အထင်ကရ ထင်ရှားခဲ့ တဲ့ မျိုးချစ်ခေါင်းဆောင်ကြီးပါ၊ ကိုကို သိတယ်မဟုတ်လားဟင်။

ဒီစကား ပြောမိရင် ရှားရဲ့ လေသံဟန်ပန်ဟာ အတော်အတန်မြင့်နေလိမ့်မယ်လို့ ရှားကိုယ်ရှား သတိလည်း ထားမိပါရဲ့ ။ ဒါပေမဲ့ ရှားရဲ့ မျိုးဆက်မှာ ရှားတစ်ယောက်ပဲ ဝင့်ကြွား ဂုဏ်ယူခွင့်ရှိတော့တာမို့ ကြွားစမ်းပါရစေ။

ကိုကိုရေ…ဒီလိုပါ။

ရှားဟာ ပစ္စုပ္ပန်သမားပါ၊ အတိတ်သမိုင်းစဉ်ကို နောက်ကြောင်းပြန်ငေးရင်း တံ့နှေးတံ့နှေး လျှောက်နေသူ မဟုတ်ပါဘူး။

ဒါပေမဲ့ ဂျင်း(န်)(စ်)ဆိုတဲ့ ဗီဇမျိုးစေ့အကြောင်း စဉ်းစားမိတဲ့ အခါ ဒါတွေကို ထည့်မတွက်လို့ မရဘူး ကိုကိုရဲ့ ။

အမျိုးကို ချစ်တဲ့ စိတ်၊ ကိုယ့်ပြည်ကိုယ့်မြေကို မြတ်နိုးတွယ်တာတဲ့ စိတ်၊ မဟုတ်မမှန်တာကို မြူတစ်ခြမ်းစာလောက်တောင်မှ သည်းမခံနိုင်တဲ့ စိတ်၊ သိမ်ဖျင်းစုတ်ပွဲ နုန့်နဲ့ တဲ့ စကားကို ယောင်မှားပြီး ဆိုမိရင်တောင် ကိုယ့်လျှာကို ကိုယ့်ဘာသာ ဖြတ်ဝံ့တဲ့ စိတ်၊ အဲဒီစိတ်မျိုး ရှားမှာ သန္ဓေပါခဲ့တယ်။

ဘေးရဲ့ ဇာတိစိတ် အချို့တဝက် မဟုတ်လား ကိုကို။

ရှားရဲ့ အဖေက ဘို - မြန်မာ ကပြား။

ဘိလပ်သား ဘိုစစ်စစ် အရေးပိုင်နဲ့ မြန်မာသူကြွယ်မျိုးရိုး မင်းကတော်ကြီးတို့ က ဖွားမြင်မြောက်တဲ့ တစ်ဦးတည်းသော သား သွင်းကုန်ထုတ်ကုန်အရာရှိ။

ဒက်ဒီက အာဏာပါဝါ အတော်အတန်ရှိတဲ့ နိုင်ငံရေးခေတ်က အရာရှိဆိုတော့ သူ့ခေတ် သူ့အခါမှာ မေမေဟာ " မင်းကတော်လေး မင်းကတော်လေး"နဲ့ မြေကြီးပေါ် ခြေချလို့ မရနိုင်အောင် အမြှောက်အစားခံခဲ့ရ

တာတွေကို ရှားထက် ကိုကိုက ပိုပြီး မှတ်မိနိုင်မှာ ပါ။

ဘာကြောင့်လဲဆိုတော့ ကိုကိုက ရှားထက် ငါးနှစ်လောက် လူဖြစ်စောခဲ့တယ် မဟုတ်လား။

ဓနရှင်နံ့၊ ဗျူရိုကရက်နံ့ လှိုင်နေတဲ့ ပတ်ဝန်းကျင်မှာ ပေါက်ဖွားကြီးပြင်းခဲ့တဲ့ ရှားရဲ့ ဘဝအစကို သတိတရ ထည့်တွက်ပြနေတာဟာ အကြောင်းရှိပါတယ် ကိုကို။

ပတ်ဝန်းကျင်ရဲ့ ဩဇာကို ဗီဇကို နာခံမှ သာ ပတ်ဝန်းကျင် အာနိသင် ရှိနိုင်တယ်လို့ ရှား စဉ်းစားမိလို့ ပါ။

နောက်တစ်ခုက ရှားကြီးပွားချင်တယ်၊ စွန့်စားချင်တယ်၊ အနောက်တိုင်း လူနေမှုထုံးစံတချို့ကို ရှား ကြိုက်တယ်။

ဆိုပါတော့။

ထမင်းစားတဲ့ ကိစ္စ၊ ကြမ်းပြင်ပေါ်မှာ စားပွဲခုံ အနိမ့်ကလေးခင်းပြီး ကျုံ့ကျုံ့ယုံ့ယုံ့ ခွေခွေခေါက်ခေါက် ထမင်းစားတတ်တဲ့ ရိုးရာအစဉ်အလာကို လုံးဝမနှစ်သက်ဘူး။

စားပွဲနဲ့ ကုလားထိုင်နဲ့ သက်သောင့်သက်သာ ထိုင်ပြီး ထမင်းမှတ်မှတ် စားချင်တယ်။ အလုပ်လုပ်ချိန်မှာ လုံ့ချည်တိုတို ဆီးပြီး နင်လားငါလား ခါးချည့်အောင် လုပ်ရပါစေ။ အစာစားချိန်မှာ တော့ နားနားနေနေ ရှိချင်တယ်။

ကြားဖူးနားဝရှိခဲ့တဲ့ "လက်ရည်တစ်ပြင်တည်း ဒေါင်းလန်းကြီးကိုလည်း ညီညွတ်ရေး သင်္ကေတရယ်လို့ ရှားတော့ မယူဆမိဘူး ကိုကို ဟင်းချိုကိုတောင် တစ်ပန်းကန်ထဲ ဇွန်းသုံးလေးချောင်း စိုက်ပြီးတစ်ယောက်တစ်လှည့်"ရှရူး ရှရူး "လုပ်ကြတာမျိုး သဘောမကျဘူး" ကိုယ့်

ပန်းကန်နဲ့ ၊ ကိုယ့်ဇွန်းနဲ့ သီးသီးခြားခြား သပ်သပ်ရပ်ရပ်မှ ။

ဒါကို "ဘိုဆန်တယ်"လို့ မျက်ခုံးအတွန့် မချိုးဘဲ မြန်မာ့ယဉ်ကျေးမှု တစ်ရပ်အဖြစ် ခံယူလာကြရင် ဘယ်လောက်ကောင်းမလဲ စဉ်းစားကြည့်မိတယ်။

လူနေမှုအဆင့် မြင့်သည် ထက်မြင့်ဖို့ ရှား လိုလားတယ်။ ရှားတစ်ယောက်တည်းအတွက် မဟုတ်ဘူး လေ၊ ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၊ မျိုးဆက်တစ်ခုလုံးအတွက် ယေဘုယျ ပြောနေတာ။

ဒါတွေကို မေမေရိပ်စား နားလည်နေလေတော့ တစ်ခါတစ်ခါ ထုတ်ပြောတတ်တယ်။

"ဖအေ့ရဲ့ သွေးကိုး၊ ဒီလောက်တော့ ဘိုဆန်မှာ ပေါ့" တဲ့ ။

သပ်သပ်ရပ်ရပ် သန့်သန့်ပြန့်ပြန့် စည်းစနစ်ကျကျနန နေတတ်စားတတ်တဲ့ စရိုက်ဟာ ဒက်ဒီ့ဆီက ဆက်ခံရရှိတဲ့ ဗီဇစိတ်လို့ ရှားလည်း ယုံကြည်တယ်။ ဘိုဆန်တယ်ဆိုဆို တောကျတယ်ပြောပြော ဝေါဟာရ အသုံးအနှုန်းကို သိပ်ဂရုမစိုက်ချင်တော့ပါဘူး။

တကယ်တော့ ဘိုသွေး၊ ရှမ်းသွေး ဆိုတာတွေဟာလည်း နှစ်သွေးပေါင်းမှ ရှားမှာ တစ်ဝက်ပဲ ပါခဲ့တာပါ ကိုကိုရယ်။ ကျန်တစ်ဝက်က မြန်မာစစ်စစ်ပါ။

မြန်မာ့ဗီဇ၊ မြန်မာ့သွေး ဘယ်လိုပီသတယ် ဆိုတာတော့ ဖြည်းဖြည်းမှ ပြောပြချင်တယ် ကိုကို..နော်။

ဒက်ဒီ့အမေ၊ ရှားရဲ့ ဘွားဘွားနဲ့ ကိုကို့အဘိုးက ဝမ်းကွဲမောင်နှမတဲ့ ။ သူကောင်းမျိုး ၊ သူကြွယ်ဆက်တွေပေါ့ ဟုတ်လား။ ကိုကို့ဖေဖေဟာ ဘိလပ်ပြန် ဝတ်လုံတော်ရ ၊ ကိုကို့အဘိုးက ရိက္ခာတော်ရ ဘာမင်းကြီးဆို

လဲ..အဲ ကိုကိုတော့ မှတ်မိသားမိ ရှိမှာ ပေါ့လေ၊ ကိုကို့ဖေဖေ ညီအရင်းကလည်း ဘိလပ်ပြန်ပါပဲ။

ရှားပြောချင်တာက အဲဒီ ကိုကို့ဦးလေး အရင်းအချာကို ရှားလောက်တောင် ကိုကို နားမလည်တတ်ဘူးဆိုတဲ့ အကြောင်းပါ။

ကိုကိုတို့ ဆွေစဉ်မျိုးဆက် တစ်မျိုးလုံးဟာ ဆွေကြီးမျိုးကြီး မှန်ပါတယ်။

ဒါပေမဲ့ အဲဒီ ဆွေကြီးမျိုးကြီး တစ်နွယ်တစ်စင်လုံးမှာ ဘကြီးရဲ့ ဂုဏ်သိက္ခာသာ အရောင်အဝါ အလက်ပဆုံးလို့ ရှား ယူဆတယ် ကိုကို။

ဒီလို ပြောတယ်ဆိုရင်ပဲ ဘိလပ်ပြန် ဝတ်လုံတော်ရမင်းရဲ့ သားကြီးသြရသ ကိုကိုက နားခါးပေမှာ ပေါ့။ အားနာပါတယ် ၊ အားနာပေမယ့် အမှန်ယုံတာကိုပဲ ပြောပါရစေ ကိုကိုရယ်။ ကိုကိုကြားဖူးတယ် မဟုတ်လား။

အမှန်တရားဟာ ခါးသီးတယ်....တဲ့ ။

ရယ်စရာတော့ အကောင်းသား ကိုကိုရဲ့ ။

တကယ်တော့ ကိုကိုတို့ ဆွေစဉ်မျိုးဆက်ဟာ မြန်မာစစ်စစ် အညာသွေးစစ်စစ်တွေပါ ။ ဘိုးစဉ်ဘောင်ဆက် ဘာသွေးမှ မစွက်ခဲ့တဲ့ မြန်မာ။

ကိုကိုဟာ မြန်မာအစစ်။

ဒါပေမဲ့ ကြည့်၊ ထမင်းစားနေတာနဲ့ တစ်ခါတစ်ရံ ပုဆိုးဝတ်တာကလွဲရင်၊ မြန်မာဓလေ့၊ မြန်မာ့စရိုက် မရှိတော့သလောက် ဘိုဆန်တဲ့ ကိုကိုပါ။ မြန်မာစကားကိုတောင် ဘိုလို ထက်ဝက်နှောလိုက်ရမှ ချောချောပြေပြေ ပြောနိုင်တဲ့ ကိုကိုပါ။

ဒါတွေကျတော့ ဘိုသွေးတစ်စိတ်ပါလို့ ဘိုကပြား ခေါ်နေရတဲ့ ရှားနဲ့ လုံးဝ သွေဖည်သွားပြီလေ။

ကိုကို တင်ပဲလားတဲ့ ။

ကိုကို့ညီမနဲ့ ညီကလည်း နောက်ဆုံးမှာ ပြည်ပကို ထွက်သွားတဲ့ အထိပါပဲ။ ကိုကို့ညီမ ခရစ်(စ်)တီ အင်းလျားလိတ်မှာ လက်ထပ်တုန်းမှာက ရှား အပျိုရံလုပ်ရတော့ သတို့ သားကို အနီးကပ် အကဲခတ်ခွင့်ရလိုက်တယ်။

ကပြားတော့ ကပြားပါပဲ။

ပတ်ဝန်းကျင်ကို တယ်အထင်အမြင်သေးတတ်တဲ့ လူမျိုးပဲနော်။ ကိုကို့အမျိုးအကြောင်း အတင်းပြောသလိုတော့ ဖြစ်နေပြီ။ ဒါတွေဟာလည်း ရှား စဉ်းစားရမယ့် အချက်အလက် အကျိုးအကြောင်းတွေထဲမှာ အကျုံးဝင်နေတာကိုး။

ခရစ်(စ်)တီရဲ့ အမျိုးသားကလေ ဘိုဆန်ပေမယ့် ကိုကို့လိုတော့ လူကြီးလူကောင်းပုံစံ မဖမ်းတတ်ပါဘူး။ ဧည့်ခံပွဲမှာ ဧည့်သည် အချို့ကို အလိုမကျပုံတွေ၊ တီးဝိုင်းကို အားမရတာတွေ၊ အင်္ဂလိပ်သီချင်းဆိုတဲ့ ဝိုင်းမှာ မင်္ဂလာဆောင် ထုံးတမ်းစဉ်လာအရ အခါတော်ပေးတာက…နတ်ရေး ငယ်ရွှေစာ ….အစချီတဲ့ မင်္ဂလာ အခါပေး သီချင်းသံလွင့်ပျံ့လာတော့ ဆတ်ခနဲ ပခုံးတွန့်ပြီး နှာခေါင်း ရှုံ့ပွရှုံ့ပွ လုပ်နေတာတွေ အမြင်သာကြီး ကိုကိုရေ့။

မြန်မာပြည်မှာ နေရာမှားပြီး လူလာဖြစ်တဲ့ ဟာတွေပဲလို့ စိတ်နာနာနဲ့ ရင့်ရင့်သီးသီး မှတ်ချက်ချလိုက်မိတယ်။ ဟော…မကြာပါဘူးလေ။ သူတို့ သွားကြပြီ။ ကိုကို့ညီ "စတီဗင်" လည်း ပါသွားလေရဲ့ ။

သားကြီးသြရသ ကိုကိုသာ မုဆိုးမ မိခင်ကိုငဲ့ကွက်ပြီး မြန်မာ့မြေပေါ်မှာ ငြိးငွေ့စွာ အချိန်ကြာကြာ နေခဲ့ရတယ် မဟုတ်လား။

နောက်ဆုံးတော့လည်း ရှားနဲ့ အဆင်မပြေတာကို အကြောင်းပြပြီး ပြည်ပကို ရုန်းထွက်သွားပြန်တာပါပဲလေ။ အဲ…ကိုကိုကတော့ ခေတ္တခဏ သွားတယ်ပဲ ဆိုပါတော့။ ဖော်ဂျော့(ဘ်) ပေ့ါ။

ဘာဖြစ်သေးလဲ ကိုကိုရဲ့ ။သွားပေ့ါ။

လောကမှာ ကိုယ်ယုံကြည်တာ ကိုယ်လုပ်တာ အကောင်းဆုံးပါ။ နေပေ့ါ။

ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်ဆိုတဲ့ မြန်မာစကားပုံကို ကျင့်ကြံအားထုတ်မိလို့ တော့ ဘယ်ဘာသာတရား၊ ဘယ်ယဉ်ကျေးမှု ဓလေ့ထုံးစံကမှ အပြစ်မဆိုနိုင်ပါဘူး။ အာပတ်မသင့်နိုင်ပါဘူး။ ငရဲမကျနိုင်ပါဘူး ။

ဆိုခဲစေ၊ မြဲစေဆိုတာကလည်း မြန်မာ့ရိုးရာ သြဝါဒကထာပဲ ကိုကိုရဲ့ ။

ခုတော့…..။

*****

# (၄)

အပေါ်ယံ ဘိုဆန်သလောက် အတွင်းစိတ်က ဆွေးမြည့်တဲ့ ရိုးရာအစွဲ အလမ်းတွေ ရစ်ပတ်ငြိတွယ်ဆဲဖြစ်တဲ့ ကိုကို့မနောကို စစ်ကြောချင်လို့ ပါ။

ကိုကိုပြောဖူးပါတယ်။ မကြာခဏ ပြောဖူးပါတယ်။

"လူမျိုးတစ်ရာ့တစ်ပါးနဲ့ ဆက်သွယ်ပြီး ချွေးတလုံးလုံး ပြေးလွှားလှုပ်ရှားနေတဲ့ ကုန်သည် ပွဲစားအလုပ်ကို ကိုကိုအားမပေးနိုင်ဘူး ဒါလင် " တဲ့ ။

ဟုတ်ကဲ့ ကိုကို။

အင်မတန် နားထောင်လို့ ကောင်းတဲ့ သံစဉ်ကလေးပါ။ နောက်ပြီး တော့ ရှိသေးတယ်လေ။

"မိန်းမတစ်ယောက်ကို ဝအောင် မကျွေးနိုင်တဲ့ ၊ လှအောင် မဆင်နိုင်တဲ့ ယောကျ်ားတွေကတော့ မိန်းမ အလုပ်လုပ်တာကို သဘောကျမှာ ပေါ့"တဲ့ ။

ရှားကိုလေ မေမေက နှုတ်ရေး စကားတတ်မလေးတဲ့ ။ ရှား ငယ်ငယ်ကတည်းက "ရှေ့နေလုပ်စားဖို့ မွေးထားတာကျရော"လို့ မေမေ မကြာခဏ နိမိတ်ဖတ်လေ့ရှိတယ်။ ချက်ကျလက်ကျ ချေပတတ်တဲ့ အ ထုံအလေ့ စွဲနေပြီကိုကို။

ကိုကို့ကို ဒက်ခနဲ မိအောင် ရှား ပြန်ချေပတတ်တာပေါ့။

ဟုတ်တယ်။ ကိုကိုဟာ မိန်းမတစ်ယောက်ကို ဆင်စွယ်ရဲတိုက်ဆောက်ပြီး ရွှေချထားနိုင်တယ်ဆိုတာ ရှား အသိသားပေါ့။ ကိုကို့မေမေ ယွန်းကွမ်းအစ်တွေ၊ ယွန်းသေတ္တာပြားတွေ ဘယ်လောက်ရှိမယ်ဆိုတာ ရှား ရေတွက်မကြည့်မိပါဘူး။ ခရစ်(စ်) တီ မင်္ဂလာဆောင်ခါနီးတော့ သတို့သမီးဆင်မြန်းဖို့ ရတနာရွေးချယ်ပွဲမှာ ရှားကို အတင်းခေါ်ထည့်ထားတာကိုး။ မြင်ဖူးတယ်ဆိုရုံတော့ မြင်လိုက်ရတာပေါ့။

အဲဒီ အရှိန်အဝါအားကိုးနဲ့ အလုပ်မလုပ်တဲ့ မိန်းမတစ်ယောက်ကို စိန်နဲ့ မွှန်းထားနိုင်တယ်ဆိုတာ ရှား ယုံပါတယ်။ မပြောချင်ပါဘူး ကိုကိုရယ်။ နာကျင်အောင် ပြောတယ်ဆိုတာ ပြောသူမှာ လည်း အကျိုးမဖြစ်ပါဘူး။

တစ်ခုပဲ ပြောပါရစေ။

ကုန်သည် ပွဲစားအလုပ်နဲ့ ဈေးတလုံးလုံး ဖြစ်နေတာကို အထက်တန်းစား မဆန်ဘူးလို့ ကိုကိုယူဆတယ်။ အထက်တန်းစားကိုကိုကကော ဘာများ လုပ်နေပါသလဲလို့ ။

မဟာဝိဇ္ဇာ အင်္ဂလိပ်စာဂုဏ်ထူးဆိုတဲ့ ဘွဲ့တစ်ခု ယူပြီးတဲ့ နောက် လောကမှာ ကိုကို့အတွက် ဘာတစ်ခုမှ လုပ်စရာကိုင်စရာ မကျန်တော့ဘူးလို့ များ ယူဆထားလေသလားကိုကို။

အိပ်ချိန်၊ စားချိန်ကလွဲရင် ကိုကို့ဘဝမှာ ငြီးငွေ့ဖွယ်များ စွာနဲ့ အလဟဿ ဆုံးရှုံးနေသလိုပါပဲ။ ကိုကို့မှာ ရုပ်ရှင်တွေ၊ စတေ့(ချ်)ရှိုးတွေဆိုတာလည်း အဆန်းတကြယ် မဖြစ်တော့ဘူးလေ။ ကိုကို့အပေါင်းအသင်းတချို့ တီးကြမှုတ်ကြလို့ စတေ့(ချ်)ရှိုးတွေ လျှောက်လိုက်ကြည့်နေပေမယ့် ကိုကို့ပုံစံကြီးက ပျင်းရိပျင်းတွဲ စိတ်ပါလက်ပါ မရှိသလိုကြီးပဲ။ ဝါ

သနာ တစ်စုံတစ်ရာ မဖွံ့ဖြိုးခဲ့တဲ့ ရောဂါလို့ ဆိုရမလား။ စိတ်အားချို့တဲ့မှုဝေဒနာ ခေါ်ရမလား။ ကိုကို့မှာ ချွတ်ယွင်းချက်ကြီး တစ်ခုခု ရှိနေတာတော့ ရှားရင်ထဲက သိနေတယ်။

ကိုကိုရေ အလုပ်လုပ်တယ်ဆိုတာ စီးပွားရေးတစ်ခုတည်း အတွက်လား၊ မိမိရဲ့ အတ္တမာန ဖွံ့ဖြိုးမှုအတွက်ကော မဖြစ်နိုင်ဘူးလား စဉ်းစားစမ်းပါ။

ဗွီဒီယိုတိပ်ခွေတွေ တစ်ကတ်ပြီးတစ်ကတ် လဲကြည့်နေတဲ့ အလုပ်တစ်ခုပဲ ကိုကို့ဘဝမှာ အတက်ကြွဆုံး လုပ်စရာရယ်လို့ ရှိတော့သလား။

ဘာပဲဖြစ်ဖြစ် ကိုကို့လိုတော့ ရှား မနေနိုင်တာ၊ မနေတတ်တာ တကယ်ပါ ကိုကို။

ဆယ်တန်းအောင်စမှာ ရှား အလုပ်လုပ်ခဲ့တယ်။ စီးပွားရေးလို့ ဆိုချင်လည်း ဆိုနိုင်တယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ စီးပွားရေးကို စိတ်ဝင်စားတာ အမှန်တရားလို့ ရှား မဆိုပါဘူး။

အမှန်က ပညာသင်ရမယ့် အရွယ်မှာ အခြေခံခိုင်မာတဲ့ အထိ ပညာရေးတစ်ခုတည်းကို စိုက်လိုက်မတ်တတ် အာရုံစူးစိုက်သင့်တယ်လို့ ရှား ယုံယုံကြည်ကြည် ပြောနိုင်ပါတယ်။ ဒါပေမဲ့ အခြေအနေ၊ အချိန်အခါက ရှိသေးတာကလား ကိုကိုရယ်။

ဆယ်တန်းအောင်စ ပညာမပြည့်စုံခင်ကာလ မှန်ပေမယ့် အရွယ်မရောက်တရောက် ၊ လူလားမမြောက်တမြောက်မှာ အမေ့ရင်ခွင်က ရုန်းထွက်ခဲ့တယ်။ တံစက်မြိတ်ပြင်ပက ကျယ်ပြောတဲ့ လောကထဲကို စတင်ခြေချခဲ့တယ်။

ဆန္ဒစောလွန်းတယ်လို့ အပြစ်ဆိုချင်လည်း ဆိုပေတော့။ အတန်အ

သင့် လုံလောက်တဲ့ အကြောင်းပြချက်တွေ ရှားမှာ ရှိပါတယ်။

မတူဘူးလေ ကိုကိုရဲ့ ။ ဘဝအခြေအနေချင်း၊ ကိုကို့မိသားစုနဲ့ ရှားတို့ မိသားစု အမြဲတမ်း ဘယ်မှာ တူနေနိုင်မှာ တဲ့ လဲ။

ဂုဏ်ကြီးရှင် ၊ ဓနရှင် အသိုက်အဝန်း တစ်ခုတည်းမှာ ပေါက်ဖွားကြတာတော့ ဟုတ်ပါရဲ့ ။ ဘဝအလှည့်အပြောင်းဆိုတာ ရှိလာရသေးတာကိုး။

ရုပ်ဝါဒ အလိုအရတော့ ပဋိပက္ခတဲ့ ၊ ဗုဒ္ဓအလိုတော်အရ လောကဓံရှစ်ပါးပေါ့။ အဲဒီ လောကဓံဆိုတဲ့ လူမှုပဋိပက္ခကြားမှာ ရှားတို့ မိသားစု ခါးစည်းပြီး ရင်ဆိုင်ခဲ့ကြရပါတယ်။

ပြောမယ် ကိုကို။

ဒီလို....။

*****